□改編自：________________

■自編

# 107 年新北市各級學校東南亞語文競賽
## 團體朗讀文稿 B 緬甸 語 國小 組

A: မင်္ဂလာပါ။သင်ရဲ့ ကျောင်းကို ကြိုက်နှစ်သက်ပါသလားလို့ မေးပါရစေ။

B: ကြိုက်နှစ်သက်ပါတယ်။ကျွန်တော်/မ ရဲ့ကျောင်းက အရမ်းလှလို့ပါ။

A: သင်ရဲ့ ကျောင်းတွင်းမှာ လှပတဲ့အရာ ဘာတွေ ရှိပါသလဲ။

B: ကျွန်တော်/မ ရဲ့ကျောင်းတွင်းမှာ အနီရောင်ပန်း၊အဝါရောင်ပန်းနဲ့

အစိမ်းရောင်မြက်ခင်းရှိပါတယ်။ဆော့လို့ကောင်းတဲ့ လျှောနဲ့ ဒန်းရှိပါသေးတယ်။

A: ကျွန်တော်/မ ရဲ့ကျောင်းတွင်းမှာ လှပတဲ့စာကြည့်တိုက်ရှိပါတယ်။အထဲမှာ သကြားလုံးနဲ့

အလှဆင်ထားပါတယ်။သက်တောင့်သက်သာ ထိုင်လို့ကောင်းတဲ့ဆိုဖာနဲ့ ချစ်စရာကောင်းတဲ့

ဆင်ပုံထိုင်ခုံလည်း ရှိပါသေးတယ်။

သင်ကျောင်းမှာ ဘာလုပ်တာ ကြိုက်နှစ်သက်ပါသေးသလဲ။

B: ကျွန်တော်/မ အားလပ်ချိန်မှာ အတန်းဖော်များနဲ့ အတူကစားတာ ကြိုက်ပါတယ်။

ကျွန်တော်/မတို့ အမြဲလိုလို ဘောလုံးပုတ်တမ်းကစားခြင်းနဲ့ အပြေးပြိုင်ကြပါတယ်။

သင်ရောကျောင်းမှာ ဘာလုပ်ပါသလဲ။

A: ကျွန်တော်/မ ရောင်စုံခဲတံနဲ့ ပုံဆွဲတာ ပိုနှစ်သက်ပါတယ်။ဒါမှမဟုတ် စာကြည့်တိုက်မှာ

စာသွားဖတ်ပါတယ်။ပြီးတော့ ကျွန်တော်/မ နေ့တိုင်း အာဟာရရှိတဲ့ နေ့လည်စာကို

မျှော်နေမိပါတယ်။

B: ကျွန်တော်/မလည်း အတူတူပါပဲ။ ကျွန်တော်/မ ဆန်ကြမ်းထမင်းနဲ့ ကြက်ပေါင်နှပ်၊

ဟင်းသီးဟင်းရွက်နဲ့ မုန်လာဥ ဝက်သားလုံးဟင်းချိုကို အရမ်းကြိုက်နှစ်သက်ပါတယ်။

A: သင်တို့ရဲ့ အာဟာရရှိတဲ့ နေ့လည်စာက ကောင်းလိုက်တာ။ကျွန်တော်/မ

နှစ်သက်တဲ့ဟင်းကမုန်လာဥနီကြက်ဥကြော်၊စားချာအသားပြားနဲ့ ပြောင်းဖူးဟင်းချိုပါ။

B: ကျွန်တော်/မတို့ အတန်းက နေ့တိုင်း အာဟာရနေ့လည်စာကို ကုန်အောင်စားပါတယ်။

ဆရာ/မက ကျွန်တော်/မတို့ကို တော်တယ်လို့ ပြောပါတယ်။

A: ကျွန်တော်/မတို့ အတန်းလည်းအတူတူပါပဲ။ ဆရာ/မက ဟင်းတွေကိုကုန်အောင်စားရမယ်။ဒါမှ

အစားအစာကို တန်ဖိုးထားတဲ့ လိမ္မာတဲ့ ကလေးများလို့ ပြောပါတယ်။

B: မှန်လိုက်တာ။ ဒီနေ့ ကျွန်တော်/မ နဲ့ အဖော်လုပ်ပြီး စကားပြောပေးတဲ့အတွက် အရမ်းပဲ

ကျေးဇူးတင်ပါတယ်။ တာ့တာ။

A: တာ့တာ။